မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁ ] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) } သောကြာနေ့ [ အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၅၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ ပါဝင်မှုနှင့် စွမ်းဆောင်ရည်များမြှင့်တင်နိုင်မည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် **လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်−

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>ဥက္ကဋ္ဌ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု<br>ညှိနှိုင်းရေးကော်မတီ | ဥက္ကဋ္ဌ |
| (ခ) | ဦးမောင်မောင်အုန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)<br>အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု<br>ညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်<br>အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု<br>ညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)<br>အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု<br>ညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |

(စ) ဦးအောင်ကျော်ထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ဗိုလ်ချုပ် အောင်ကျော်ကျော် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဒေါ်သန်းသန်းလင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဈ) ဗိုလ်ချုပ် ဖြိုးသန့် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ည) ဦးရဲတင့် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဋ) ဦးမင်းမင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဒေါက်တာ ဇော်မြင့် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ဍ) ဒေါက်တာ အေးထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဎ) ဦးဇင်မင်းထက် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဏ) ဦးဖြိုးဇော်စိုး အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(တ) ဒေါက်တာ သန်းစိုး အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ဦးဇော်အေးမောင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဒ) ဦးမြင့်စိုး အဖွဲ့ဝင်
ကောင်စီအဖွဲ့ဝင်(၃)
နေပြည်တော်ကောင်စီ

(ဓ) လူမှုရေးရာဝန်ကြီးများ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| ( န ) | ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး<br>ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ဦးမောင်မောင်<br>ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ( ဖ ) | ဦးမြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ဦးကျော်ဆွေလင်း<br>အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဒေါက်တာ စိုင်းကျော်နိုင်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ ) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်<br>အတွင်းရေးမှူး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | အတွင်းရေးမှူး |
| (ယ) | ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း)<br>အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး |

၂။ လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီကို အထောက်အကူပြုနိုင်ရန်လိုအပ်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ခ ) ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဂ ) ကုန်ကျစရိတ်များအား ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်အမှတ် (၅၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးကျော်နိုင်ဝင်း အား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၅၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဏ) ရဲချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ဒုတိယရဲချုပ် (၂) — တွဲဖက်အတွင်းရေးမှူး(၂)
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ဂ ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ၌ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

( င ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက်နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး များကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** |
|---|---|
| | **ရာထူး၊ ဌာန** |
| (၁) ဦးဇော်ဟိန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး |
| (၂) ဒေါက်တာ သန်းသန်းဝင်း | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ **ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်း/ကဏ္ဍများအလိုက် သက်သာသည့်အတိုးနှုန်းဖြင့် ခွင့်ပြုထုတ်ပေးထားသည့် ချေးငွေများအား ပြန်လည်ကောက်ခံရန်၊ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများအား စီမံခန့်ခွဲမှုနည်းလမ်းများ ချမှတ်အရေးယူဆောင်ရွက်ရန်၊

(ခ) ပြန်လည်ပေးဆပ်ရန်ပျက်ကွက်သည့် စီးပွားရေးလုပ်ငန်းများအား ချေးငွေသဘောတူစာချုပ်ပါ ဝန်ခံကတိအရ တည်ဆဲဥပဒေ၊ ဘဏ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(ဂ) စီမံခန့်ခွဲမှုနည်းလမ်းဆိုင်ရာလုပ်ထုံးလုပ်နည်း (Standard Operating Procedures-SOPs) ရေးဆွဲအတည်ပြုပြီးပါက စီးပွားရေးမှတ်ပုံတင်၊ ခွင့်ပြုမိန့်၊ လိုင်စင်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ပြန်လည်ရုပ်သိမ်းခြင်း၊ Blacklist ရေးသွင်းခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်လာပါက မူလအခြေအနေသို့ ပြန်လည်ဖြေလျှော့ပေးရန်၊

(ဃ) ချေးငွေ အတိုး၊ အရင်းမပေးဆပ်သည့် စီးပွားရေးမှတ်ပုံတင်၊ ခွင့်ပြုမိန့်၊ လိုင်စင်မရှိသောလုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူဆောင်ရွက်နိုင်ရေး အကြောင်းကြားရန်၊

(င) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများနှင့် အတိုးပေး အရင်းမဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ကာလသတ်မှတ်၍ အပြေအကျေ ပေးဆပ်နိုင်ရေး အသိပေးအကြောင်းကြားရန်နှင့် စည်းရုံးဆောင်ရွက်ရန်၊

(စ) တိုင်းဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များအား ဖွဲ့စည်းစီမံကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြီးကြပ်စီမံခန့်ခွဲရန်၊

(ဇ) ကိုဗစ်-၁၉ ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ သုံးသပ်အကြံပြုတင်ပြရန်၊

(ဈ) အခါအားလျော်စွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက သီးခြားပေးအပ်သည့်တာဝန်များကို ကြီးကြပ်စိစစ်ဆောင်ရွက်ရန်။

၃။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူးအဖြစ်မှ ရပ်စဲခြင်း

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၆/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** အတွင်းရေးမှူး ဦးအေးချမ်း အား သတင်းမီဒီယာဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ အတွင်းရေးမှူးအဖြစ်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၃၀ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၁၅၆/၂၀၂၅ဖြင့်ဖွဲ့စည်းခဲ့သည့်**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁) နှင့် စာရင်းစစ်တို့ကို သတင်းမီဒီယာဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)အရ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလှထွဋ်ဦး(ကာတွန်းလှထွဋ်) | အတွင်းရေးမှူး |
| (၂) | ဦးစိန်တိုး(ဆန်းလင်း) | တွဲဖက်အတွင်းရေးမှူး(၁) |
| (၃) | ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း) | စာရင်းစစ် |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၀/၂၀၂၅ အရ ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်း အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၉၃၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးရီဝေယံဖြိုး<br>တ/ ၃၈၃၂ | မင်းဘူး<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဦးဘုန်းမြတ်ငြိမ်း<br>တ/ ၃၈၅၈ | ပွင့်ဖြူ<br>မကွေးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၉၃၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးတို့အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခိုင်စံပယ်<br>တ/ ၃၆၅၆ | တန့်ဆည်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်စောနန်းထွေး<br>တ/ ၃၇၃၂ | ကလော<br>ရှမ်းပြည်နယ် |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၉၉၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဆီဆိုင်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးဇွဲကိုကို (တ/၃၃၈၉) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်စန်းသော်တာခိုင်<br>တ/ ၃၆၂၅ | ပုသိမ်<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးရန်နိုင်ဝင်း<br>တ/ ၃၆၈၃ | မုံရွာ<br>စစ်ကိုင်းတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်တော်ဖူချော<br>တ/ ၃၅၆၂ | မိတ္ထီလာ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးစိုင်းအောင်ကျော်စိုး<br>တ/ ၃၇၇၀ | မြင်းခြံ<br>မန္တလေးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

**အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၂၅ ဖြင့် ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ ရာထူးနေရာများ၌ ဦးစီးအရာရှိ (အစမ်းခန့်) (ပုံသေလစာ ၂၇၅,၀၀၀/-) နှုန်း ဖြင့် ခန့်ထားခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂၁) ဦးတို့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများ၌ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁) | ဒေါ်ဥမ္မာဝင်း | ဦးစီးအရာရှိ | ၁၃/ လရန (နိုင်) ၁၅၀၀၂၅ |
| (၂) | ဒေါ်မြမဥ္စူ | ဦးစီးအရာရှိ | ၁၂/ လမန (နိုင်) ၁၅၉၇၆၇ |
| (၃) | ဦးတေဇာလင်း | ဦးစီးအရာရှိ | ၉/ လဝန (နိုင်) ၁၉၉၈၀၃ |
| (၄) | ဦးတင်ကိုကိုဝင်း | ဦးစီးအရာရှိ | ၁၂/ သလန (နိုင်) ၁၂၈၅၉၂ |
| (၅) | ဒေါ်ထက်သီရိအောင် | ဦးစီးအရာရှိ | ၁၄/ အမတ (နိုင်) ၀၅၁၆၈၀ |
| (၆) | ဒေါ်နှင်းဝေလွင် | ဦးစီးအရာရှိ | ၁၂/ လကန (နိုင်) ၂၀၇၄၇၁ |
| (၇) | ဦးစည်သူထွန်း | ဦးစီးအရာရှိ | ၁၂/ လကန (နိုင်) ၂၂၁၄၃၀ |
| (၈) | ဒေါ်ထက်ထက်မိုး | ဦးစီးအရာရှိ | ၅/ အရတ (နိုင်) ၀၄၆၈၇၀ |
| (၉) | ဦးအောင်စည်သူစိုး | ဦးစီးအရာရှိ | ၅/ စကန (နိုင်) ၂၆၀၁၅၁ |
| (၁၀) | ဦးဖြိုးပြည့်ထက် | ဦးစီးအရာရှိ | ၁၂/ သကတ (နိုင်) ၂၀၁၃၉၇ |
| (၁၁) | ဒေါ်အေးစုလှိုင် | ဦးစီးအရာရှိ | ၇/ ပတတ (နိုင်) ၁၁၁၈၆၇ |
| (၁၂) | ဦးနိုင်းမနားလိန် | ဦးစီးအရာရှိ | ၄/ မတန (နိုင်) ၀၃၃၆၁၇ |
| (၁၃) | ဒေါ်ဇင်ပွင့်ဖြူ | ဦးစီးအရာရှိ | ၇/ ပမန (နိုင်) ၂၂၈၄၄၀ |
| (၁၄) | ဦးအောင်မြတ်သိုက် | ဦးစီးအရာရှိ | ၁၄/ အဂပ (နိုင်) ၁၉၇၁၂၂ |
| (၁၅) | ဒေါ်ဖူးသဥ္စာကို | ဦးစီးအရာရှိ | ၉/ သစန (နိုင်) ၂၀၀၀၆၁ |
| (၁၆) | ဒေါ်စူးသက်နွယ် | ဦးစီးအရာရှိ | ၈/ မလန (နိုင်) ၀၈၈၁၁၇ |
| (၁၇) | ဦးသူရစိုး | ဦးစီးအရာရှိ | ၁၄/ ကလန (နိုင်) ၁၃၈၅၁၆ |
| (၁၈) | ဒေါ်ချမ်းမြေ့ခိုင် | ဦးစီးအရာရှိ | ၇/ နတလ (နိုင်) ၁၄၅၁၂၇ |
| (၁၉) | ဦးခန့်ဇင်ရှိန်း | ဦးစီးအရာရှိ | ၁၄/ အဂပ (နိုင်) ၂၆၃၈၃၈ |
| (၂၀) | ဒေါ်ပပအောင် | ဦးစီးအရာရှိ | ၅/ ကလတ (နိုင်) ၁၀၉၁၉၆ |
| (၂၁) | ဒေါ်သိမ့်ရည်မွန်ဆွေ | ဦးစီးအရာရှိ | ၅/ ရဘန (နိုင်) ၂၆၇၉၄၄ |

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ) ရှိ မြေ ၀.၃၄၄ ဧကနှင့် အဆောက်အဦကို လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁၃) ကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ) ရှိ မြေ ၀.၃၄၄ ဧကနှင့် အဆောက်အဦကို အမြင့်ဆုံးဈေးနှုန်း ကျပ် ၄,၁၅၉.၉ သန်းဖြင့် အဆိုပြုသူ ဦးကျော်ဟိန်း သို့ ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးကျော်ဟိန်းသည် အဆိုပါ မြေနှင့် အဆောက်အဦတန်ဖိုး၏ (၅၀%) ငွေကျပ် ၂,၀၇၉.၉၅ သန်း ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့နှင့် ကျန်တန်ဖိုး၏ (၅၀%) ငွေကျပ် ၂,၀၇၉.၉၅ သန်းကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဦးကျော်ဟိန်းသို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးကျော်ဟိန်းအနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အဦကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ)ရှိ မြေ ၀.၃၄၄ ဧကနှင့် အဆောက်အဦကို ဝယ်ယူသူ ဦးကျော်ဟိန်း၏ အမည်ပေါက် မြေဂရန် ထုတ်ပေးရေးကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူ ဆောင်ရွက်နေသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)**

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ် (၂၇၈)၊ အကွက်အမှတ် (၁၂-ခ)၊ မေခလမ်း၊ အမှတ် (၂၆) ရှိ မြေ ၀.၀၄၁ ဧကနှင့် အဆောက်အဦကို လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁၃) ကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ် (၂၇၈)၊ အကွက်အမှတ် (၁၂-ခ)၊ မေခလမ်း၊ အမှတ် (၂၆) ရှိ မြေ ၀.၀၄၁ ဧကနှင့် အဆောက်အဦကို အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၃၅.၂၃ သန်းဖြင့် အဆိုပြုသူ ဦးမင်းကျော်ထွန်း သို့ ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးမင်းကျော်ထွန်းသည် အဆိုပါ မြေနှင့် အဆောက်အဦတန်ဖိုး၏ (၅၀%) ငွေကျပ် ၆၇.၆၁၅ သန်းကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့နှင့် ကျန်တန်ဖိုး၏ (၅၀%) ငွေကျပ် ၆၇.၆၁၅ သန်းကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက

ဦးမင်းကျော်ထွန်း သို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးမင်းကျော်ထွန်း အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အဦကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ် (၂၇၈)၊ အကွက်အမှတ် (၁၂-ခ)၊ မေခလမ်း၊ အမှတ် (၂၆) ရှိ မြေ ၀.၀၄၁ ဧကနှင့် အဆောက်အဦကို ဝယ်ယူသူ ဦးမင်းကျော်ထွန်း၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

ကျော်ထင်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အဖွဲ့ဝင် (၉) ဦးပါဝင်သော စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီကို အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးပညာရေးမှူးရုံး | ဒု-ဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( င ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

ချစ်ဆွေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

### ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆရာဝန်အသင်း

(ဒ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(န) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ပ) ဒုတိယညွှန်ကြားရေးမှူးချုပ်(ကူးစက်) — တွဲဖက်အတွင်းရေးမှူး (၁)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဖ) ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) — တွဲဖက်အတွင်းရေးမှူး (၂)
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန (Emergency Operations Centre–EOC)၊ ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ စတင်ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့်ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့်ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏ နောက်ဆက်တွဲကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများ ကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောသင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သော ဆေးဝါးများစုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သော ရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံး ပြန်လည်ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့်တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Health Cluster) ကိုဖွဲ့စည်း၍ ဦးဆောင် ဆောင်ရွက်ရန်၊

(ဎ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams) ခေါ်ယူရေးကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်ကာလတွင် သတင်းမီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ်ထုတ်လွှင့်ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး၊ အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

၂။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ်များကြောင့် အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို ကြိုတင်လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ်မူတည်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံချက်များ ကြိုတင်ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေအိမ်များကို ဘေးကင်းလုံခြုံသည့် သင့်လျော်သော နေရာတွင် သဘာဝဘေးဒဏ်ခံအဆောက်အဦများအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီမံ ဆောင်ရွက်ရန်၊

(င) ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့် လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင် အဆောက်အအုံများကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်၊

(စ) သဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးသည့် မြို့ရွာများပြန်လည်ထူထောင်ရာတွင် မြို့ပြအင်္ဂါရပ်နှင့် ညီစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်၊

(ဆ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဇ) အိုးအိမ်ဆုံးရှုံးသွားသည့် ဘေးသင့်ပြည်သူများအား ပြန်လည်တည်ဆောက်ပြီးသည့် အဆောက်အဦ များတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊

(ဈ) ဘေးသင့်သူများအနက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ်မပျက် ဆက်လက်သင်ယူနိုင်ရေး အတွက် စီမံဆောင်ရွက်ပေးရန်နှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) အန္တရာယ်ဖြစ်ပွားစေနိုင်သော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိရေးနှင့် အရေးပေါ်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(ဌ) နိုင်ငံတကာအသိုင်းအဝိုင်းမှကမ်းလှမ်းလာသည့် လူသားချင်းစာနာမှုအကူအညီများ၊ ရန်ပုံငွေတောင်းခံ ဖြည့်ဆည်းမှုများ၊ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး စီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဏ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၅)

## ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များစိစစ်နိုင်ရေးတို့အတွက် လိုအပ်သည့်စာရင်းကောက်ယူမှုပုံစံများ ကြိုတင်ရေးဆွဲပြင်ဆင်ထားရန်၊

( ခ ) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဒေသ၏ဖွံ့ဖြိုးမှုအခြေအနေ (လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများ စသည်ဖြင့်) ကို လေ့လာဆန်းစစ်ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့်အခြေအနေများကို ကြိုတင်ဆန်းစစ်ဖော်ထုတ်ထားရန်၊

( ဂ ) ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ထူထောင်ထားရန်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှ ချက်ချင်းသတင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ရက်စနစ်များ ထူထောင်ထားရှိရန်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိ ချိတ်ဆက်ဆောင်ရွက်ရန်၊

( စ ) ကနဦးသိရှိရသည့် သတင်းအချက်အလက်များအရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဘေးသင့်ဒေသ၏ လိုအပ်ချက်များကို သုံးသပ်အကြံပြုပေးရန်၊

(ဆ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အပြီးသတ်အတည်ပြုပေးရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

( ဇ ) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ၊ အတည်ပြုပြီးသည့် ပျက်စီးဆုံးရှုံးမှုစာရင်းများနှင့်ပတ်သက်၍ ပြည်သူသို့ ထုတ်ပြန်ကြေညာနိုင်ရန်နှင့် နိုင်ငံတကာသို့ ကြေညာပေးနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဈ ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက်လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကဏ္ဍအလိုက်လိုအပ်ချက်များကိုဖော်ထုတ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပြုပေးရန်၊

(ည) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

( ဋ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ်အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

( ဌ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်၊

( ဍ ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲတို့ ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုများကို နေ့စဉ် Update စာရင်းများပြုစု၍ အတွင်းရေးမှူးရုံး (ဗဟိုစာရင်းအင်းအဖွဲ့) သို့ပေးရန်၊

( ဎ ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် လိုအပ်ပါက ပျက်စီးဆုံးရှုံးမှုစာရင်းများစုစည်းရယူရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာ စိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

**တနင်္သာရီတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် စက်မှုဇုန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ **တနင်္သာရီတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ** ကို အဖွဲ့ဝင် (၁၆) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | နာယက |
| (ခ) | စီးပွားရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ<br>တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးတာဝန်ခံ<br>တနင်္သာရီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>အင်းလေးမြိုင်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(တ) တိုင်းဒေသကြီးဦးစီးဌာနမှူး တွဲဖက်အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ စက်မှုဇုန်ဥပဒေပုဒ်မ ၇ နှင့် ၁၆ ပါ ပြဋ္ဌာန်းချက်အရ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှု အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာ အသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ်သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန်လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(စ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

(ဈ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဋ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

(ဍ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ ကောင်စီအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဎ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအားစိစစ်၍ ခွင့်ပြုခြင်း၊

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့်စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစား သတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ (၆) လ (၁) ကြိမ် အစီရင်ခံတင်ပြခြင်း၊

( ဒ ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း များကို ဥပဒေအရ အရေးယူခြင်း၊

( ဓ ) လိုအပ်သောကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( န ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း၊

( ပ ) ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

## ပဲခူးတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် စက်မှုဇုန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ **ပဲခူးတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီ** ကို အဖွဲ့ဝင် (၁၆) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ် နာယက
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

( ခ ) စီးပွားရေးရာဝန်ကြီး ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

( ဂ ) ဒုတိယအင်ဂျင်နီယာချုပ် အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ဃ) တိုင်းဒေသကြီးဥပဒေအရာရှိ အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးဥပဒေရုံး

( င ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

( စ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ဆ) ညွှန်ကြားရေးမှူး (မြို့ပြ) အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန

( ဇ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားမှုဦးစီးဌာန

( ဋ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဏ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(တ) တိုင်းဒေသကြီးဦးစီးဌာနမှူး တွဲဖက်အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ စက်မှုဇုန်ဥပဒေပုဒ်မ ၇ နှင့် ၁၆ ပါ ပြဋ္ဌာန်းချက်အရ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှုအလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာ အသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ်သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန်လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(စ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

(ဈ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဋ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဌ ) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

( ဍ ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ ကောင်စီအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဎ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအားစိစစ်၍ ခွင့်ပြုခြင်း၊

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့်စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားသတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ (၆) လ (၁) ကြိမ် အစီရင်ခံတင်ပြခြင်း၊

( ဒ ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေအရ အရေးယူခြင်း၊

( ဓ ) လိုအပ်သောကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( န ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း၊

( ပ ) ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

## မကွေးတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် စက်မှုဇုန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ပါပြဋ္ဌာန်းချက်များနှင့်အညီ **မကွေးတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ** ကို အဖွဲ့ဝင် (၁၆) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | နာယက |
| ( ခ ) | စီးပွားရေးရာဝန်ကြီး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မကွေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယအင်ဂျင်နီယာချုပ် — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ဈ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ည) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဋ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရေနံချောင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပခုက္ကူစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မကွေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဏ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(တ) တိုင်းဒေသကြီးဦးစီးဌာနမှူး — တွဲဖက်အတွင်းရေးမှူး
မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ စက်မှုဇုန်ဥပဒေပုဒ်မ ၇ နှင့် ၁၆ ပါ ပြဋ္ဌာန်းချက်အရ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှုအလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာ အသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ်သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန်လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(စ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

( ဇ ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

( ဈ ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

( ဋ ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဌ ) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

( ဍ ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ ကောင်စီအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဎ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအားစိစစ်၍ ခွင့်ပြုခြင်း၊

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့်စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားသတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ (၆) လ (၁) ကြိမ် အစီရင်ခံတင်ပြခြင်း၊

( ဒ ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေအရ အရေးယူခြင်း၊

( ဓ ) လိုအပ်သောကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( န ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း၊

( ပ ) ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ
စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်သိမ်းဆည်းခြင်း**

ကရင်ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုခဲ့ပြီး သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား ဖော်ထုတ်လုပ်ကိုင်မှုမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၄၀.၀၀ ဧကအား ပြန်လည်သိမ်းဆည်းနိုင်ရေး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များထံ လှည့်လည်စာတွဲဖြင့် သဘောထားမှတ်ချက်ပြုပေးပါရန် ပေးပို့ခဲ့ရာ ဗဟိုကော်မတီအဖွဲ့ဝင်များမှ သဘောထားမှတ်ချက်ပြု ပြန်ကြားလာမှုအရ မြေလွတ်၊ မြေလပ်နှင့်

မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်အသုံးပြုမှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်းဇယား**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်းအရာ | ခွင့်ပြု ဧရိယာ (ဧက) | |
| ၁ | မြန်မာမဟာနေကုမ္ပဏီ | လှိုင်းဘွဲ့ | ထီလုံ | ၁၉/မလရ-၁၆ (၁၀၉/၂၀၁၅) (၂၇-၇-၂၀၁၅) | ခနောက်စိမ်း သတ္တုသန့်စင် စက်ရုံမြေအဖြစ် အသုံးပြုရန် | ၄၀.၀၀ | |
| စုစုပေါင်း | | | | | | ၄၀.၀၀ | |

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်သိမ်းဆည်းခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့ပြီး သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား ဖော်ထုတ်လုပ်ကိုင်မှုမရှိသော ပူးတွဲဇယား (၁) ပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၁၀၀.၀၀ ဧကနှင့် သတ်မှတ်ကာလ (၄) နှစ်အတွင်း အပြည့်အဝ ဖော်ထုတ်စိုက်ပျိုးထားမှုမရှိသည့် ပူးတွဲဇယား (၂) ပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၆၄.၆၈ ဧကတို့အား ပြန်လည်သိမ်းဆည်းနိုင်ရေး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ အဖွဲ့ဝင်များထံ လှည့်လည်စာတွဲဖြင့် သဘောထားမှတ်ချက်ပြုပေးပါရန် ပေးပို့ခဲ့ရာ ဗဟိုကော်မတီအဖွဲ့ဝင်များမှ သဘောထားမှတ်ချက်ပြုပြန်ကြားလာမှုအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**ဇယား (၁)**

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်အသုံးပြုမှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်းဇယား**

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်းအရာ | ခွင့်ပြု ဧရိယာ (ဧက) | |
| ၁ | ဦးကျော်ငြိမ်းအောင် | တပ်ကုန်း | အိုင့်ကျယ် | ၂၂၅ (က)/ ၂မယ(ဖ) (၁၁)၂၀၁၁ (၂၀-၂-၂၀၁၁) | သရက်၊ စပျစ် | ၁၀၀.၀၀ | |
| စုစုပေါင်း | | | | | | ၁၀၀.၀၀ | |

ဇယား (၂)

**သတ်မှတ်ကာလ (၄) နှစ်အတွင်း တစ်စိတ်တစ်ပိုင်းဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီး ဖော်ထုတ်လုပ်ကိုင်အသုံးပြုမှုမရှိသည့် ဧရိယာများအား သိမ်းဆည်း၍ ခွင့်ပြုမိန့်ပြင်ဆင်ထုတ်ပေးမည့် စာရင်းဇယား**

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလ အတွင်း ဖော်ထုတ် ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ်ကာလ အတွင်း ဖော်ထုတ် ခြင်းမရှိ၍ပြန်လည် သိမ်းဆည်းသည့် ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်း အရာ | ခွင့်ပြု ဧရိယာ (ဧက) | | |
| ၁ | ဦးသန်း | တပ်ကုန်း | အိုင့်ကျယ် | ၃၈၆၉/ ၂မယ(ဖ) (၁၁)၂၀၁၁ (၃၁-၃-၂၀၁၁) | သရက် | ၁၀၀.၀၀ | ၆၅.၃၂ | ၃၄.၆၈ |
| ၂ | ဦးခင်မောင်ရွှေ | တပ်ကုန်း | အိုင့်ကျယ် | ၃၇၃၁/ ၂မယ(ဖ) (၁၁)၂၀၁၁ (၃၁-၃-၂၀၁၁) | သရက် | ၁၀၀.၀၀ | ၇၀.၀၀ | ၃၀.၀၀ |
| စုစုပေါင်း | | | | | | ၂၀၀.၀၀ | ၁၃၅.၃၂ | ၆၄.၆၈ |

မင်းနောင်
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဖွဲ့စည်းခြင်း**

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ** ကို အဖွဲ့ဝင် (၂၄) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

( ဂ ) ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

( ဋ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မူပိုင်ခွင့်ဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဓ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(န) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ပ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

(ဖ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဗ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

(ဘ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်အရ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သော ဥပဒေပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတည်ထောင်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန်ဆောင်ရွက်ပေးခြင်း၊

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဌ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေ အတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့် အညီ အသုံးပြုခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်းသတ်မှတ်ပေးခြင်း၊

(ဏ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(တ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေး နည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊

(ထ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားပြောင်းလဲဖြစ်ပေါ်လာပြီးနောက် (၃) နှစ်အထိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်း ထားရှိခြင်း။

၃။ အေဂျင်စီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ ယခင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ကို ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက် နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ကို အဖွဲ့ဝင် (၁၀) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကိုနိုင်ငံတော်က ထောက်ပံ့ငွေ၊ ပြည်တွင်း ပြည်ပငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့် အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သောအထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်း ပြည်ပ ဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှရရှိနိုင်သည့် အတိုးမဲ့ ချေးငွေ၊ အတိုးသက်သာသောချေးငွေ၊ ချေးငွေတစ်ရပ်ရပ်ကိုရယူပြီး သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက် ချိတ်ဆက်ချေးယူနိုင်ရန် စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်း သက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများ ရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ချေးငွေအာမခံ ကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ရုံးလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက် ရမည်။

၄။ ယခင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၂ ကို ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | သီရိပျံ့ချီဦးစောမြင့်ဦး | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစိုးလှိုင် | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ကျော်စွာမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( င ) | ဦးသူရမြင့်သူ | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်မြင့် | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ကျော် | ညွှန်ကြားရေးမှူး<br>ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်ဥမ္မာမြင့် | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းခမ်းလှိုင် | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>ဟိုတယ်လုပ်ငန်းရှင်<br>(Zwekapin Valley Resort & Spa Hotel) | အဖွဲ့ဝင် |
| (ည) | ဦးမျိုးမင်းအောင်ကျော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင်၊ Vantage Hotel၊ မြဝတီမြို့ | အဖွဲ့ဝင် |
| ( ဋ ) | ဦးကျော်ဝင်းမင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင်၊ သီရိဘားအံဟိုတယ်၊ ဘားအံမြို့ | အဖွဲ့ဝင် |
| ( ဌ ) | ဦးဘီစိန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင်၊ The Grace Hotel၊ ဘားအံမြို့ | အဖွဲ့ဝင် |
| ( ဍ ) | ဦးသက်လင်း | တာဝန်ခံ၊ ကရင်ပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၁-၆-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၁၊ ၂၇-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၁၊ ၂-၅-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၂၊ ၁၄-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၂၂၊ ၂-၆--၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂၊ ၂၈-၄-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၄၊ ၁၇-၅-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၄ နှင့် ၁၇-၂-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၅)

## ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ ဝုန်ဆွန်းထန် | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ လျန်ဇခုပ် | စီးပွားရေးရာဝန်ကြီး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (ဂ) | ဦးမင်းဆွေ | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး<br>မောင်မောင်အေး | ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဦးရဲဇင်လတ် | ပြည်နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးလွန်ဆဝုန် | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းတောက်အောင် | ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးရှိန်းဇေပိုင်း | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ည) | ဦးလိန်းငိုင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဦးငိုင်လျန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>Net Villa တည်းခိုရိပ်သာလုပ်ငန်းရှင်<br>ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဒေါ်လှသဇင်အေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အုပ်ချုပ်မှုဒါရိုက်တာ (Floral Stream Travel & Tour) | အဖွဲ့ဝင် |
| (ဍ) | ဦးဟန်ဇော်လင်း | တာဝန်ခံ၊ ချင်းပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)

## စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမြတ်ကျော် | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးထွန်းထွန်းဝင်း | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးသစ်ထူးမြင့် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဦးအောင်ဇော်မြင့် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဇင်ထက် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးစည်သူထွဏ်း | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဦးထွန်းလင်းသောင်း | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>ဟိုတယ်လုပ်ငန်းရှင်၊ Classico Hotel (မုံရွာ) | အဖွဲ့ဝင် |
| (ည) | ဒေါ်သီတာကျော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| ( ဋ ) | ဦးခင်မောင်မြင့် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| ( ဌ ) | ဒေါ်ဝတ်မှုန်လင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဘဏ္ဍာရေးမှူး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| ( ဍ ) | ဦးမြင့်စိန် | တာဝန်ခံ၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၅)

## တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမြတ်ကို | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးအောင်ချို | အတွင်းရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | သူရဦးထင်ကျော်မိုး | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဆန်းလင်းဦး | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တနင်္သာရီတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးဇော်မင်းအုန်း | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းနိုင် (၄) | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုရဲမှူး အောင်နိုင်ဦး | ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့<br>အမှတ် (၁၈) တပ်ဖွဲ့စု (ထားဝယ်) | အဖွဲ့ဝင် |
| (ဈ) | ဦးဗညားသိုင်းမွန် | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>Managing Director, Kento Trading Co.,Ltd | အဖွဲ့ဝင် |
| (ည) | ဦးကျော်ဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ( ဋ ) | ဦးကျောက်စိမ်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ( ဌ ) | ဦးအောင်သန့်ဇင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>Managing Director, The Moken Myanmar<br>Travel & Tour Co.,Ltd | အဖွဲ့ဝင် |
| ( ဍ ) | ဦးရဲအောင်မိုး | တာဝန်ခံ၊ တနင်္သာရီတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၁၈-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၀၊ ၁၂-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၀၊ ၂၈-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၀၊ ၁၆-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၂၀၊ ၅-၇-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၂၊ ၁၁-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၂၊ ၂၀-၄-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၃၊ ၉-၄-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၄ နှင့် ၂၂-၃-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၅ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၅)**

**ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (ခ) | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်စိုး | အုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး ကျော်ထွဋ် | တိုင်းရဲတပ်ဖွဲ့မှူး<br>ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဦးမြင့်လွင် | ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးအောင်သူကျော် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်ဇော် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆန်းအောင် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အေးသီတာမိုး | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>တွဲဖက်စာရင်းစစ် (၂)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း<br>အဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ည) | ဦးထွန်းကျော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ပဲခူးဇုန် | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းလင်းသောင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ပြည်ဇုန် | အဖွဲ့ဝင် |
| (ဌ) | ဦးဆန်းဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ပဲခူးဇုန် | အဖွဲ့ဝင် |
| (ဍ) | ဦးလင်းဇော်ထွဋ် | တာဝန်ခံ၊ ပဲခူးတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၄ နှင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၄ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၅)

## မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးတင့်လွင် | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (ခ) | ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင်မောင်ဆွေ | အတွင်းရေးမှူး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးပြည့်စုံမျိုး | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးသစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်ညိုညိုသန်း | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်သူ | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စုစုခိုင် | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ရဲအုပ် ကျော်မင်းမောင် | ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့<br>ဗိုလ်ဿနိုးတပ်ဖွဲ့စု၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်သန်း | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်၊ ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(မကွေးဇုန်) | အဖွဲ့ဝင် |
| (ည) | ဦးသန်းဇော်ဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>(မကွေးဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်စိုး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ<br>ကြီးကြပ်ရေးကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ဦးအောင်ကိုကျော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>မင်းမင်းစားသောက်ဆိုင်ပိုင်ရှင် | အဖွဲ့ဝင် |
| (ဍ) | | တာဝန်ခံ၊ မကွေးတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၈-၆-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁၊ ၁၂-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၁၊ ၁၉-၅-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၂၊ ၁၈-၇-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂၊ ၁၁-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၂၊ ၂၀-၄-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၃၊ ၃-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၃၊ ၂၅-၃-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၄၊ ၄-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၄ နှင့် ၆-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၄ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

## ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအားအရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးကြီး တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | တပ်ဖွဲ့မှူး<br>မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံခြားသားများသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာနေထိုင်ရေးနှင့် ဗီဇာစည်းကမ်းဖောက်ဖျက်မှုမရှိအောင် ကြီးကြပ်စောင့်ရှောက်ခြင်း၊

( ခ ) လစဉ်အစည်းအဝေးကျင်းပပြုလုပ်၍ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးခြင်း၊

( ဂ ) အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် သတင်းရဲတပ်ဖွဲ့သို့ ပေးပို့မှတ်တမ်းထားရှိခြင်း၊

(ဃ) ဆောင်ရွက်ချက်များအား နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

( င ) ဤလုပ်ငန်းကော်မတီမှ လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

( စ ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ပဏာမ စိစစ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(၂) ပြည်ဝင်၊ ပြည်ပြန်ဝင်ခွင့် လျှောက်ထားမှုကို စိစစ်ခြင်း၊

(၃) အထူးပြည်ပြန်ဝင်ခွင့် ဗီဇာလျှောက်ထားမှုနှင့် နေခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုခြင်း၊

(၄) နေခွင့်တိုးပေးထားသည့် ကာလအတွင်း ဗီဇာစည်းကမ်းနှင့်အညီ နေထိုင်ရေးကြီးကြပ်ခြင်း။

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) ဝင်ရောက်ထွက်ခွာသူစာရင်းကို အခြေခံပြီး ပြန်လည်မထွက်ခွာသေးဘဲ ရှိနေသူစာရင်း စိစစ် ရယူခြင်း၊

(၂) ပြန်လည်မထွက်ခွာသေးသူများအနက် နေခွင့်တိုးမြှင့်လျှောက်ထားနေထိုင်သူနှင့် နေခွင့် လျှောက်ထားခြင်းမရှိဘဲ ခိုအောင်းနေသူစာရင်း ဖော်ထုတ်ခြင်း၊

(၃) နေခွင့်လျှောက်ထားသူများ လျှောက်ထားစဉ် ဖော်ပြသည့် နေရပ်လိပ်စာ၊ အလုပ်အကိုင်၌ ရှိ မရှိ စိစစ်ခြင်း၊

(၄) ဗီဇာစည်းကမ်းဖောက်ဖျက်သူနှင့် Over Stay ဖြစ်နေသူများအား ဥပဒေနှင့်အညီ အရေးယူခြင်း။

( ဇ ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) နယ်စပ်ဝင်/ ထွက်ပေါက်များမှ Passport/ Visa ဖြင့် ဝင်ရောက်လာသူ နိုင်ငံခြားသားများမှ နေခွင့်တိုးပေးရန် လျှောက်ထားခြင်းများကို ငြင်းပယ်ခြင်း၊

(၂) လူမှုရေးဗီဇာဖြင့် နေထိုင်ခွင့်ဆက်လက်လျှောက်ထားလာသည့် မြန်မာပြည်ဖွား နိုင်ငံခြားသား များနှင့် ၎င်းတို့၏ ဆွေမျိုးရင်းချာများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ပြီး ဆက်၍ နေခွင့်တိုးပေး သင့်မှသာ တိုးပေးခြင်း၊

(၃) Entry Visa (Religious Visa) ဖြင့် လာရောက်ပြီး နေခွင့်တိုး၍ လျှောက်ထားသူ နိုင်ငံခြားသား ဗုဒ္ဓဘာသာဘုန်းကြီး/ သီလရှင်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စိစစ်ထောက်ခံ ချက်ဖြင့် ခွင့်ပြုခြင်း၊

(၄) နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ပုဂ္ဂလိကပိုင်လုပ်ငန်းငယ်များသို့ လာရောက်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများကို စိစစ်ဖော်ထုတ်၍ အရေးယူခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအားအရှိန်အဟုန် မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ည) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဋ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

၂။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများသို့ လှည့်လည်သွားလာရန် သတ်မှတ်ထားသော ဒေသများနှင့် စည်းကမ်းချက်များကို ကမ္ဘာလှည့်ခရီးသည်များ သိရှိစေရေးအတွက် ပြည်တွင်း ပြည်ပတွင် အသိပညာပေးခြင်း၊

(ခ) ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံခြားသားများဆောင်ရန်နှင့် ရှောင်ရန်တို့ကို အသိပညာပေးခြင်း၊

(ဂ) နိုင်ငံတော်လုံခြုံရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ကို ခံယူလိုက်နာဆောင်ရွက်လာစေရေး အသိပညာပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကာကွယ်၊ မိုင်းအန္တရာယ် အသိပညာပေးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာ လက်ကမ်းစာစောင်များ/ ပိုစတာများကို နိုင်ငံခြားသားများ ဝင်ရောက်လေ့ရှိသည့် လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များတွင် ကြိုတင်ဖြန့်ဝေအသိပညာပေးထားရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(စ) **ချက်ချင်းဆောင်ရွက်ရန်။** လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန်အချက်များကို ပြုစုထုတ်ဝေခြင်း၊

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ လိုက်နာစောင့်ထိန်းကိစ္စများကို ထိရောက်စွာ အသိပညာပေးရေးနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၏ အသိပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခြင်း၊

(၂) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အကျိုး၊ အပြစ်များနှင့် ကမ္ဘာလှည့်ခရီးသွားများအား ကြီးကြပ်စောင့်ရှောက်ရေး၊ ပညာပေးရေး ဆောင်းပါးများကို သတင်းစာ၊ ဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်း၊

(၃) သင်တန်းများတွင် ကမ္ဘာလှည့်ခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေး သင်ခန်းစာများပို့ချခြင်း။

(ဇ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) တက္ကသိုလ်၊ ကောလိပ်များတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပို့ချခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(၂) ရုပ်မြင်သံကြားတွင် ပညာပေးဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ခရီးလှည့်လည်သွားလာရေး ဆိုင်ရာ အစီအစဉ်များကို ထည့်သွင်းပြသပညာပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အချိန်အဟုန်မပျက်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိ<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | တာဝန်ခံအရာရှိ<br>မှုခင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | တာဝန်ခံအရာရှိ<br>သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | တာဝန်ခံအရာရှိ<br>ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံး | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဝင်/ ထွက် ပေါက်များမှ ဗီဇာဖြင့် ဝင်ရောက်လာသူများ၏ ကိုယ်ရေးမှတ်တမ်းများကိုရယူ၍ သတင်းတင်ပြခြင်း၊

(ခ) Disembarkation Card တွင် တည်းခိုမည့်နေရာအား အမှန်ရရှိရေး စိစစ်ဆောင်ရွက်ခြင်း၊

(ဂ) ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းနှင့် နေခွင့်ကျော်လွန်နေထိုင်သူများကို စိစစ်အရေးယူခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့် ဟိုတယ်၊ မိုတယ်၊ Inn စက်ရုံ၊ အလုပ်ရုံ၊ တည်းခိုခန်း၊ နေအိမ်၊ တရားစခန်းတို့အား စိစစ်အရေးယူခြင်း၊

(င) မသင်္ကာဖွယ် ဟိုတယ်၊ မိုတယ်၊ Inn များကို စောင့်ကြည့်စိစစ်ခြင်း၊

(စ) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် Website များနှင့် Link ပြုလုပ်ပေးထားခြင်း၊

(ဆ) ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်စဉ် ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်ရယူပြီး Database Network တစ်ခု တည်ထောင်ထားခြင်း၊

( ဇ ) Biometric Identification နည်းပညာကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းခြင်း၊

( ဈ ) လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လိုက်နာရန်နှင့် ရှောင်ကြဉ်ရန်အချက်များ၊ နိုင်ငံခြားသားများနှင့် ကမ္ဘာလှည့်ခရီးသည်များအား ရှောင်ရန်/ ဆောင်ရန် အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာ လက်ကမ်းစာစောင်များ/ ပိုစတာများကို နိုင်ငံခြားသားများဝင်ရောက်လေ့ရှိသည့် လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များတွင် ကြိုတင်ဖြန့်ဝေအသိပညာပေးရေးဆောင်ရွက်ခြင်း၊

( ဋ ) ဗီဇာလျှောက်ထားစဉ်က ဖော်ပြထားသော လုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း မရှိစေရန် စိစစ်ကြပ်မတ်ခြင်း၊

( ဌ ) မြန်မာပြည်တွင်းနေထိုင်စဉ် မူလဖော်ပြထားသော လိပ်စာများ၌ အမှန်တကယ် တည်းခိုခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

( ဍ ) တရားမဝင် ဝင်ရောက်နေထိုင်သူ နိုင်ငံခြားသားများအား စိစစ်ဖော်ထုတ်အရေးယူခြင်း၊

( ဎ ) နယ်စပ်ဒေသနှင့်ဆက်စပ်သော နေရာများကို Hot Spot Area သတ်မှတ်၍ စောင့်ကြည့်ခြင်း၊

(ဏ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံခြားသား များအား အရေးယူနိုင်ရေး စိစစ်ဖော်ထုတ်ဆောင်ရွက်ခြင်း၊

(တ) နိုင်ငံခြားသားများ၏ ထူးခြားလှုပ်ရှားမှုသတင်းများအား သတင်းပေးပို့ခြင်း၊

(ထ) နိုင်ငံခြားသားများ သွားရောက်လည်ပတ်လေ့ရှိသော နေရာများတွင် Tourist Information Center များထားရှိခြင်း၊

( ဒ ) နိုင်ငံခြားသားများ ကန့်သတ်နယ်မြေများသို့ သွားလာခြင်းမပြုစေရေး ကြပ်မတ်ထိန်းသိမ်းခြင်း။

ထွန်းထွန်းနောင်
ဒုတိယဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့် အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး　　　　ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ခ ) ဥက္ကဋ္ဌ　　　　ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဖ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်)

(ဗ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဘ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(မ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ရ) အမျိုးသားကော်မတီဝင် — အဖွဲ့ဝင်
အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက
ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ် (၁) ဦး

(လ) အမျိုးသားကော်မတီဝင် — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက
ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ် (၁) ဦး

(ဝ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(သ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှု သေချာစေရေးဆောင်ရွက်ခြင်း၊

(င) အရေးပေါ်အခြေအနေများတွင် ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေး ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း။

ဒေါက်တာ သန်းစိုး
အတွင်းရေးမှူး
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားမြေအသုံးချမှုကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် (၀၇/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေအရင်းအမြစ်များ၏ သတင်းအချက်အလက်နှင့် မြေပုံများမှန်ကန်စေရေး၊ စနစ်တကျရေးဆွဲထုတ်ပြန်ရေး၊ မြေအရင်းအမြစ်များ စီမံခန့်ခွဲရာတွင် စနစ်တကျဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှုမူဝါဒ လမ်းညွှန်ချက်များနှင့်အညီ **မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ကိုယ်စားလှယ် (၁) ဦး<br>ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( န ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြေပုံထုတ်လုပ်ရေးအင်ဂျင်နီယာတပ်
ကာကွယ်ရေးဝန်ကြီးဌာန

( ပ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ကာကွယ်ရေးဝန်ကြီးဌာန

( ဖ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန
ကာကွယ်ရေးဝန်ကြီးဌာန

( ဗ ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စီမံရေးနှင့် တာဝန်ဌာန၊ တာဝန်ဌာနခွဲ
ကာကွယ်ရေးဝန်ကြီးဌာန

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဌာနမှူး) — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( မ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဌာနမှူး) — အဖွဲ့ဝင်
မြို့ပြစီမံကိန်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ယ) ညွှန်ကြားရေးမှူး (ဌာနမှူး) — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( ရ ) ပါမောက္ခ (ဌာနမှူး) — အဖွဲ့ဝင်
ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(လ) အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၃) ဦး — အဖွဲ့ဝင်

( ဝ ) ဦးစိုင်းထွန်းစိန် — အဖွဲ့ဝင်
ပထမအကြိမ်၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရှမ်းတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်

(သ) ဦးမန်းသန်းဝင်းဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်)
ကရင်တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်

(ဟ) ဦးလျန်ကျင့်မန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး
ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ
ချင်းတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်

( ဠ ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(အ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ကက) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမျိုးသားမြေအသုံးချမှုမူဝါဒပါ မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း လုပ်ငန်းများနှင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်၊

(ခ) တိကျခိုင်မာသော မြေအသုံးချမှုဆိုင်ရာမြေပုံများ၊ ကိန်းဂဏန်းအချက်အလက်များ စုစည်းခြင်း၊ စိစစ်သုံးသပ်ခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း (Field Checking) နှင့် အတည်ပြုခြင်း လုပ်ငန်းများအပေါ် လမ်းညွှန်ကြီးကြပ်ရန်၊

(ဂ) မြေပြင်သတင်းအချက်အလက်များ (Spatial Data/ Information) များ၏ အဆင့်အတန်း စံနှုန်းများ သတ်မှတ်ခြင်း (Standardization) နှင့် သတင်းအချက်အလက်များ ပြန်လည်ဖြန့်ဝေခြင်း (Data Sharing) တို့အား ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ဌာနများ၊ ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်နှင့် လမ်းညွှန်မှုပေးရန်၊

(င) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ (One Map Implementation Working Group) ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများအား လမ်းညွှန်ကြီးကြပ်ရန်၊

(စ) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်ဆိုင်ရာမူဝါဒ ပေါ်ထွန်းလာစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) မြေပုံများနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းရေးကို ဦးဆောင်မှုပေးရန်၊

(ဇ) လုပ်ငန်းတိုးတက်မှုများနှင့် လုပ်ငန်းစဉ်များအား အမျိုးသားမြေအသုံးချမှုကောင်စီ အစည်းအဝေးများတွင်လည်းကောင်း၊ လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများတွင်လည်းကောင်း ပြန်လည်တင်ပြဆွေးနွေးခြင်း၊ ၆ လပတ်နှင့် နှစ်ချုပ်အစီရင်ခံစာများကို အချိန်နှင့်တစ်ပြေးညီ ရေးသားပြုစုတင်ပြခြင်းဖြင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာ ရေးသားတင်ပြမှုကို ပံ့ပိုးခြင်း၊

(ဈ) မြန်မာနိုင်ငံအမျိုးသားမြေပုံနှင့် မြေသတင်းအချက်အလက်များ စီမံခန့်ခွဲသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့အား လိုအပ်သည့် နည်းပညာလမ်းညွှန်မှုများ ပေးအပ်နိုင်ရန် တင်ပြခြင်း၊ တိုင်ပင်နှီးနှောခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ရွေးချယ်ရာတွင် ပြင်ပပညာရှင်၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက အမျိုးသားမြေအသုံးချမှုကောင်စီသို့ လိုအပ်သည့် သုံးသပ်အကြံပြုချက်များ တင်ပြခြင်း၊

(ဌ) အမျိုးသားမြေအသုံးချမှုကောင်စီက ပေးအပ်သော မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းဆိုင်ရာ အခြားလုပ်ငန်းများအား ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၀၈/၂၀၂၅)

## မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) အကောင်အထည်ဖော်ရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေအရင်းအမြစ်များ၏ သတင်းအချက်အလက်နှင့် မြေပုံများမှန်ကန်စေရေး၊ စနစ်တကျရေးဆွဲထုတ်ပြန်ရေး၊ မြေအရင်းအမြစ်များ စီမံခန့်ခွဲရာတွင် စနစ်တကျဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှုမူဝါဒ လမ်းညွှန်ချက်များနှင့်အညီ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) အကောင်အထည်ဖော်ရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူး<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဘူမိဗေဒအရာရှိချုပ်<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပါမောက္ခ (ဌာနမှူး)<br>ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>နည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပါမောက္ခ (ဌာနမှူး)<br>အဝေးမှအာရုံခံခြင်းဆိုင်ရာ သုတေသနဗဟိုဌာန<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခ<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ပါမောက္ခ — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ည) ပါမောက္ခ — အဖွဲ့ဝင်
မန္တလေးနည်းပညာတက္ကသိုလ်
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) — အဖွဲ့ဝင်
ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(တ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဓ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(န) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ပ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ဖ) | ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဒုတိယညွှန်ကြားရေးမှူး<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဒုတိယညွှန်ကြားရေးမှူး<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ဒုတိယညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ကိုယ်စားလှယ် (၁) ဦး<br>တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ကိုယ်စားလှယ် (၁) ဦး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ကိုယ်စားလှယ် (၁) ဦး<br>မြေပုံထုတ်လုပ်ရေးအင်ဂျင်နီယာတပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ကိုယ်စားလှယ် (၁) ဦး<br>ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | လက်ထောက်ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ဘူမိဗေဒအရာရှိ<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ခခ) | ညွှန်ကြားရေးမှူး (အင်/ ယာ)<br>Urban Planning and GIS Team<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(ဂဂ) ညွှန်ကြားရေးမှူး (ဌာနမှူး) — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃဃ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြို့ပြစီမံကိန်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စစ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) အကောင်အထည်ဖော်ရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုများဖြင့် လုပ်ငန်းများဆောင်ရွက်ရန်နှင့် လုပ်ငန်းတိုးတက်မှုများအား အစီရင်ခံတင်ပြခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှုကောင်စီ၏ အမျိုးသားအဆင့် လုပ်ငန်းကော်မတီအောက်ရှိ အခြားနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် တည်ဆောက်ရေးလုပ်ငန်း အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခြင်း၊ မှတ်တမ်းများရေးသားပြုစုခြင်းနှင့် ဖြန့်ဝေခြင်း၊

(ဃ) ဆက်စပ်ဌာနများ၏ geospatial data များအား စုစည်းခြင်းနှင့် သတင်းအချက်အလက်များ တစ်သမတ်တည်းဖြစ်စေရေးအတွက် စံနှုန်းများ၊ လုံခြုံမှုအဆင့်အတန်းများ သတ်မှတ်ခြင်း၊ centralization ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့ခြင်း၊

(င) မြေပုံရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းများအား လိုက်လျောညီထွေဖြစ်စေခြင်း၊ ရှေ့ပြေးစီမံကိန်းများအကောင်အထည်ဖော်ခြင်း၊ ဖြစ်ရပ်မှန်ကိစ္စများ (real-life case) ကိုအခြေခံ၍ မြေပုံရေးဆွဲခြင်းဆိုင်ရာအငြင်းပွားဖွယ်ကိစ္စရပ်များအား စနစ်တကျဖြေရှင်းရေးတွင် ကူညီဆောင်ရွက်ခြင်း၊

(စ) One Map Myanmar Online Platform အား လွှင့်တင်သည့် လုပ်ငန်းစဉ်အား ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်း၊

(ဆ) နည်းပညာဆိုင်ရာ လုပ်ငန်းအစီအမံနှင့် အဓိကဦးစားပေးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအပါအဝင်အခြားသောအမျိုးသားအဆင့် မြေပုံရေးဆွဲခြင်းဆိုင်ရာ စီမံကိန်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) လုပ်ငန်းအဖွဲ့များ၏ တာဝန်နှင့် ဝတ္တရားများကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
အမျိုးသားမြေအသုံးချမှုကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနရှိ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူးနေရာများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (အစမ်းခန့်) (၁၀) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| ၁။ | ဒေါ်သန္တာငြိမ်း | ၅/ ကဘလ (နိုင်) ၂၀၄၁၃၇ |
| ၂။ | ဒေါ်နှင်းဝတ်ရည် | ၉/ မထလ (နိုင်) ၃၃၆၄၃၈ |
| ၃။ | ဒေါ်ယွမ်ယွမ်စိန်ဝင်း | ၉/ ကပတ (နိုင်) ၂၆၂၈၁၀ |
| ၄။ | ဒေါ်အေးမြတ်မွန် | ၉/ သစန (နိုင်) ၁၃၉၃၄၀ |
| ၅။ | ဒေါ်အေးငြိမ်းဖြူ | ၁၁/ မဥန (နိုင်) ၁၃၃၁၁၈ |
| ၆။ | ဒေါ်ဇာနည်ထွန်း | ၉/ ညဥန (နိုင်) ၂၃၆၁၆၇ |
| ၇။ | ဦးစိုင်းပြည့်စုံသူ | ၁၃/ တကန (နိုင်) ၁၀၄၃၀၉ |
| ၈။ | ဒေါ်အိအိမွန် | ၉/ လဝန (နိုင်) ၂၄၄၁၅၁ |
| ၉။ | ဒေါ်ခိုင်ဇာဇာသက် | ၁၄/ ပသန (နိုင်) ၂၈၇၈၉၉ |
| ၁၀။ | ဒေါ်ညွှန်းစန္ဒီဦး | ၇/ ကဝန (နိုင်) ၂၀၁၀၀၃ |

ညိုစော
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)**

**အမိန့်ကြော်ငြာစာအမှတ် (၀၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဦးစီးမှူး ဒေါ်ခင်နေခြည်ထွန်း အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (တနင်္လာနေ့) မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါအရာထမ်းအား ၎င်းအမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူး၊ ဌာနအတိုင်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်သူရ<br>ဒုတိယအင်ဂျင်နီယာချုပ်<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီးပွားရေးဌာနကြီး၊ ဈေးကွက်ရေးရာဌာန<br>ရန်ကုန်မြို့ | <br>ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီးပွားရေးဌာနကြီး၊ ဈေးကွက်ရေးရာဌာန<br>ရန်ကုန်မြို့ |

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၁/၂၀၂၅)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းလမ်းညွှန်ထိန်းသိမ်းမှုစစ်ဆေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (လေကြောင်းသတင်းနှင့် ပြန်ကြားစစ်ဆေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးညွန့်ရွှေ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (လေကြောင်းသတင်းပြန်ကြားရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၆/၂၀၂၅)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးထွန်းဝင်းမြင့် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အင်ဂျင်နီယာချုပ် (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၇/၂၀၂၅)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ အာကာ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း

(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၉/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယအထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဆွေရင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၀/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ တံတားနှင့် အဆောက်အဦဌာနစိတ်၊ ရုံးချုပ်မှ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဇော်မင်းဦး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၃/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဒုတိယရေကြောင်းဌာနမှူးချုပ်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်ကျော်စိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ရေကြောင်းဌာနမှူးချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၇/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ စီမံခန့်ခွဲရေးဌာနမှ ဌာနခွဲမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဦးစိုးသန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဌာနမှူး(စီမံခန့်ခွဲရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၈၇/၂၀၂၅)**

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်စိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ

ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ ၁-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၉၃/၂၀၂၅)

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ-၃၊ ပဲခူးမြို့မှ ညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာမြို့ပြအင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမောင်မောင်နိုင်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၄-၁-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစ၍ ၁၃-၅-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၉၄/၂၀၂၅)

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ရေကြောင်းပြမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးနေဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂-၁-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၁-၅-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၉၈/၂၀၂၅)

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ငွေငွေဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၈-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ ၁၇-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၉၉/၂၀၂၅)

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ

ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ အင်ဂျင်နီယာဓာတုဗေဒဌာနမှ ပါမောက္ခ/ ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ဖြူဖြူတင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၃၀-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ ၂၉-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၀၀/၂၀၂၅)

၁။ ၁၅-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလှမိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ ၁၉-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မြထွန်းဦး<br>
ပြည်ထောင်စုဝန်ကြီး<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ကြည်ကြည်ခင်ဆွေ အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၅)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်စုထိန်ဝင်း အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၅)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ဆွေဇင်မော် အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၅)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ကြည်း ၃၄၅၈၇ ဗိုလ်မှူး ရဲဟိန်းဇော် (အငြိမ်းစား) အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၄/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး/ ယာယီရဲမှူးကြီး (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၈၂၅ ရဲမှူးကြီး မျိုးကြည်<br>ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | တပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်) |
| (၂) | ရဲ ၂၄၆၆ ယာယီရဲမှူးကြီး ငြိမ်းချမ်းအောင်<br>ဒုတိယတပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) | ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၅/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီး၊ အင်အားနှင့် စီမံရေးရာဌာနမှ ညွှန်ကြားရေးမှူး ရဲ ၁၇၀၃ ရဲမှူးကြီး စိုးပိုင် အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ ကရင်ပြည်နယ်ရဲတပ်ဖွဲ့သို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၆/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ မှူခင်းကြီးကြပ်ရေးနှင့် မှူခင်းမှတ်တမ်းဌာနမှ ဌာနမှူး ရဲ ၂၅၈၈ ရဲမှူးကြီး စိုးနိုင် အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ မှူခင်းရဲတပ်ဖွဲ့ဦးစီးရုံး ဒုတိယတပ်ဖွဲ့မှူးအဖြစ် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၇/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့မှ ရဲ ၈၈၄၅ ဒုတိယရဲမှူးကြီး ရန်နိုင်ထွန်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍

ယာယီတိုးမြှင့်ခန့်ထားပြီး မှူခင်းရဲတပ်ဖွဲ့၌ပင် မှူခင်းကြီးကြပ်ရေးနှင့် မှူခင်းမှတ်တမ်းဌာနသို့ ဌာနမှူးအဖြစ် တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၁၃၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၄/ မဟာတ်ရွာ)၊ ဦးပိုင်အမှတ် (၅/ဃ)၊ မြေကွက်အမှတ် ( $\frac{31}{92}$ ) ရှိ **မြေဧရိယာ ဝ.၁၅၃ ဧက** အား **မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၁၃၇/၂၀၂၅)**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အမှတ် (၁၄) ရပ်ကွက်၊ စစ်ကွင်းရပ်၊ အကွက် အမှတ်နှင့် အမည် (၃၅၊ ယာရှည်)၊ ဦးပိုင်အမှတ် (၉-ဃ)၊ မြေကွက်အမှတ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ရှိ မြေဧရိယာ ဝ.၈၅၃ ဧကနှင့် ဦးပိုင်အမှတ် (၂၆-အတွင်း)၊ မြေကွက်အမှတ် (၆၁၊ ၆၂) ရှိ မြေဧရိယာ ဝ.၇၉၇ ဧက **စုစုပေါင်း မြေဧရိယာ ၁.၆၅ဝ ဧက** အား **ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်စုပေါင်းရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၁၃၈/၂၀၂၅)**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နန်းဩကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅၅၀၊ နောက်ထိုးကုန်း)၊ ဦးပိုင်အမှတ် (၂၇/၄၊ ၂၇/၅) ရှိ **မြေဧရိယာ ၁.၆၆ ဧက** အား **ကွန်ကရစ် လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၁၉၅,၂၀ဝိ/- နှုန်းဖြင့် ဦးစိုးထက် [၈/ သရန (နိုင်) ဝဝ၆၂၃၃] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃ဝ) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၁၃၉/၂၀၂၅)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (ခ/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၃၁၂) ရှိ **မြေဧရိယာ ဝ.၁၅၂ ဧက** အား ထားဝယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၃၈၁၄/ ၂၀၁၀-၂၀၁၁ (အတွဲ-၂) (ထားဝယ်) ဖြင့် လူနေထိုင်ရန် အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၉၁,၂၀ဝိ/- နှုန်းဖြင့် ဒေါ်သပြေခိုင်ဇာ သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (က) အရ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ၂၀၄၁ ခုနှစ်၊ ဇန်နဝါရီလ ၃ဝ ရက်နေ့အထိ နှစ် (၃ဝ) မြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ခြင်း **အစား** မူလဂရန်သက်တမ်းအတိုင်း တစ်နှစ်လျှင် မြေငှားရမ်းခ ၁၈၂,၄၀ဝိ/- နှုန်းဖြင့် **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဒေါ်သပြေခိုင်ဇာ [၁၂/ မရက (နိုင်) ၁၃၄၁၂၁] အမည်ဖြင့် စက်မှု/ စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၀/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၂) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၈၃၇၅ ယာယီရဲမှူး စောမင်းသိန်း
ခရိုင်လုံခြုံရေးတပ်ခွဲမှူး၊ ယင်းမာပင်ခရိုင်
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၂) ရဲ ၆၂၈၄ ယာယီရဲမှူး အောင်ဇော်ဦး
တပ်ခွဲမှူး၊ အမှတ် (၁၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ
(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး
ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲ-တွဲ)

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၄/၂၀၂၅)

၁။ ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးစန်းဌေး (ပ/၃၅၈၁) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးစန်းဌေး (ပ/ ၃၅၈၁) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ဇူလိုင်လ ၂၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၅/၂၀၂၅)

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်လွင် (ပ/ ၅၃၆၃) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်လွင် (ပ/ ၅၃၆၃) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးချုပ် (၂) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၁၈၄၂ ယာယီရဲမှူးချုပ် လင်းထွဋ် ၂၇-၉-၂၀၂၅
ကွပ်ကဲရေးမှူး
အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

(၂) ရဲ ၁၉၀၇ ယာယီရဲမှူးချုပ် ဝင်းကျော်နိုင် ၂၈-၉-၂၀၂၅
ကွပ်ကဲရေးမှူး
အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၅/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) ဦးနေဝင်းအောင် (ပ/ ၅၀၂၀) အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ စ၍ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန် ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၆/၂၀၂၅)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တွဲဖက်ထားသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် (ပ/ ၅၃၅၇) အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ဒုတိယအမြဲတမ်းအတွင်းဝန်အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၇/၂၀၂၅)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးချုပ်/ အုပ်ချုပ်ရေးမှူး (၅) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ဦးခင်မောင်ဆန်း (ပ/ ၅၀၁၆) ရုံးချုပ်
ရန်ကုန်တိုင်းဒေသကြီး

(၂) ဦးလှိုင်စိုးသန့် (ပ/ ၅၃၅၈) ဧရာဝတီတိုင်းဒေသကြီး
ရုံးချုပ်

(၃) ဦးစန်းငွေး (ပ/၃၅၈၁) ရုံးချုပ်
ဧရာဝတီတိုင်းဒေသကြီး

(၄) ဦးမင်းရွှေ (ပ/ ၅၀၃၄) ကရင်ပြည်နယ်
ရုံးချုပ်

(၅) ဦးမြင့်လွင် (ပ/ ၅၃၆၃) ရုံးချုပ်
ကရင်ပြည်နယ်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးချုပ် (၄) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၅၆၈ ရဲမှူးချုပ် ဟန်ထွန်း<br>ကျောင်းအုပ်ကြီး<br>ရဲအရာရှိလေ့ကျင့်ရေးကျောင်း | ကျောင်းအုပ်ကြီး<br>ရဲအရာရှိအတတ်သင်ကျောင်း |
| (၂) | ရဲ ၁၉၄၀ ရဲမှူးချုပ် စိန်လွင်<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ကျောင်းအုပ်ကြီး<br>ရဲအရာရှိလေ့ကျင့်ရေးကျောင်း |
| (၃) | ရဲ ၁၉၀၄ ရဲမှူးချုပ် ကိုကိုလွင်<br>ကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၄) | ရဲ ၁၈၉၉ ရဲမှူးချုပ် ဇော်ထွန်းအောင်<br>တပ်ဖွဲ့မှူး၊ ရထားရဲတပ်ဖွဲ့ | ကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၉/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲ ၁၈၁၄ ရဲမှူးကြီး ကျော်စိုးဝင်း အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆၀/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၈၄၁ ရဲမှူးကြီး ကျော်ကျော်မင်း အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရထားရဲတပ်ဖွဲ့သို့ တပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆၁/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၇) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ရဲ ၁၆၆၆<br>ရဲမှူးကြီး သက်လွင် | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၂) | ရဲ ၁၈၄၅<br>ရဲမှူးကြီး အေးသိန်း | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၃) | ရဲ ၁၈၀၄<br>ရဲမှူးကြီး မောင်မောင်ဦး | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကရင်ပြည်နယ်ရဲတပ်ဖွဲ့ |

| | | | |
|---|---|---|---|
| (၄) | ရဲ ၁၈၄၈<br>ရဲမှူးကြီး ဥက္ကာကို | ကျောင်းအုပ်ကြီး<br>အမှတ် (၁)<br>ရဲလေ့ကျင့်ရေးကျောင်း | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ |
| (၅) | ရဲ ၃၇၆၁<br>ရဲမှူးကြီး သန့်ဇင် | ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး<br>(လားရှိုး)<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| (၆) | ရဲ ၁၈၀၀<br>ရဲမှူးကြီး ခင်မောင်ညွန့် | ညွှန်ကြားရေးမှူး<br>လုပ်ငန်းဌာန<br>ရဲထောက်ပံ့ရေးဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး<br>(လားရှိုး)<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| (၇) | ရဲ ၁၈၂၉<br>ရဲမှူးကြီး လှမင်း | ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၄) နယ်ခြားစောင့်<br>ရဲကွပ်ကဲမှုအဖွဲ့ခွဲ<br>(ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွဲ) | ဒုတိယတပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့<br>(ရန်ကုန်) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆၂/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ထောက်ပံ့ရေးဌာန၊ ပစ္စည်းထိန်းသိမ်း/ထုတ်ပေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ရဲ ၆၂၇၃ ဒုတိယရဲမှူးကြီး လှိုင်မျိုးဦး အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ လုပ်ငန်းဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆၅/၂၀၂၅)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ ညွှန်ကြားရေးမှူး (၅) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဆန်းမော် (ပ/ ၄၇၅၅)<br>မွန်ပြည်နယ် | ယင်းမာပင်ခရိုင် |
| (၂) | ဦးကိုကိုလှိုင် (ပ/ ၄၀၀၈)<br>ယင်းမာပင်ခရိုင် | ကန့်ဘလူခရိုင် |
| (၃) | ဦးစောထွန်းဦး (ပ/၄၂၇၀)<br>ကန့်ဘလူခရိုင် | တောင်ငူခရိုင် |
| (၄) | ဦးကျော်စိုးလွင် (ပ/ ၃၇၈၇)<br>တောင်ငူခရိုင် | မွန်ပြည်နယ် |
| (၅) | ဦးမြင့်ထွန်း (ပ/ ၇၁၇၄)<br>ကော့ကရိတ်ခရိုင် | နေပြည်တော် (တွဲဖက်) |

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

### ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့် အထက်သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပူးတွဲစာရင်းပါ အဆောက်အအုံ ငါးခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်လိုက်သည်။

**ပူးတွဲစာရင်း**

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့် အထက်သက်တမ်းရှိသည့် ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အဆောက်အအုံ အမည် | တည်နေရာ | တည်ဆောက် သည့် ကာလ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း မြို့နယ် | နမူနာစံကျောင်း | ကမ္ဘာအေးဘုရားလမ်း ကြားတောရရပ်ကွက် ရန်ကုန်မြို့ | ၁၉၁၀ ပြည့်နှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း မြို့နယ် | ပါဠိတက္ကသိုလ် အောက်ကျောင်း (အလယ်တောရ စံပြစာသင်တိုက်) | အမှတ် (၁၁)၊ အင်းယား မြိုင်လမ်း ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရန်ကုန်မြို့ | ၁၈၅၃ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း မြို့နယ် | သုဓိတာဝီ သိမ်တော် | ဓမ္မစေတီလမ်း အလယ်တောရ ကျောင်းတိုက် ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရန်ကုန်မြို့ | ၁၉၁၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း မြို့နယ် | အလယ်တောရ စံပြစာသင်တိုက် | ဓမ္မစေတီလမ်း၊အလယ် တောရကျောင်းတိုက် ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရန်ကုန်မြို့ | ၁၈၅၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း မြို့နယ် | အိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင်ကျောင်း (ဗဟန်း) | ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းထောင့် ရွှေတောင်ကြား(၂) ရပ်ကွက်၊ ရန်ကုန်မြို့ | ၂၀ ရာစု အစောပိုင်း | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။ |

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့် အထက်သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပူးတွဲစာရင်းပါ အဆောက်အအုံ ၄ခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်လိုက်သည်။

**ပူးတွဲစာရင်း**

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့် အထက်သက်တမ်းရှိသည့် ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အဆောက်အအုံ အမည် | တည်နေရာ | တည်ဆောက်သည့် ကာလ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်း ဒေသကြီး | မဟာ အောင်မြေ မြို့နယ် | မန္တလေးတက္ကသိုလ် (ပင်မအဆောက် အအုံကြီး) | ၇၃ လမ်းနှင့် လမ်း ၄၀ ထောင့်၊ မန္တလေး တက္ကသိုလ်အတွင်း အဓိပတိလမ်းမပေါ် မန္တလေးမြို့ | ၁၉၂၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိ ပါသည်။ |
| ၂ | မန္တလေးတိုင်း ဒေသကြီး | မဟာ အောင်မြေ မြို့နယ် | မန္တလေးတက္ကသိုလ် (နယ်မြေ အင်ဂျင်နီယာရုံး) | ၇၃ လမ်းနှင့် လမ်း ၄၀ ထောင့်၊ မန္တလေး တက္ကသိုလ်အတွင်း အဓိပတိလမ်းနှင့် ရွှေမန်းလမ်းထောင့် မန္တလေးမြို့ | ၁၉၂၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိ ပါသည်။ |
| ၃ | မန္တလေးတိုင်း ဒေသကြီး | မဟာ အောင်မြေ မြို့နယ် | မန္တလေးတက္ကသိုလ် (အနုပညာခန်းမ) | ၇၃ လမ်းနှင့် လမ်း ၄၀ ထောင့်၊ မန္တလေး တက္ကသိုလ်အတွင်း အဓိပတိလမ်းနှင့် ရွှေမန်းလမ်းထောင့် မန္တလေးမြို့ | ၁၉၂၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိ ပါသည်။ |
| ၄ | မန္တလေးတိုင်း ဒေသကြီး | မဟာ အောင်မြေ မြို့နယ် | မန္တလေးတက္ကသိုလ် (လူထုစာအုပ်ဆိုင်) | ၇၃ လမ်းနှင့် လမ်း ၄၀ ထောင့်၊ မန္တလေး တက္ကသိုလ်အတွင်း ရွှေမန်းလမ်းနှင့် သချာ– ရူပလမ်းထောင့်၊ ပန်းခြံ အတွင်း၊ မန္တလေးမြို့ | ၁၉၂၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိ ပါသည်။ |
| ၅ | မန္တလေးတိုင်း ဒေသကြီး | မဟာ အောင်မြေ မြို့နယ် | မန္တလေးတက္ကသိုလ် (ရတနာပုံအဆောင်) | ၇၃ လမ်းနှင့် လမ်း ၄၀ ထောင့်၊ မန္တလေး တက္ကသိုလ်အတွင်း ရတနာပုံလမ်းနှင့် ရွှေပြည်အေး လမ်းထောင့် မန္တလေးမြို့ | ၁၉၂၄ ခုနှစ် | ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိ ပါသည်။ |

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ကျော်ငွေ အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၉-၁၁-၂၀၂၅ ရက်နေ့မှ ၁၈-၃-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၁၉-၃-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၇/၂၀၂၅)**

**ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကြိုတင်ခွင့်ပြုချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဌာနမှူး(စီမံ) ဒေါက်တာ နေမျိုးအောင် အား စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယပါမောက္ခချုပ် (စိုက်ပျိုးရေး) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၈/၂၀၂၅)**

**ရာထူးတိုးမြှင့် ခန့်ထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကြိုတင်ခွင့်ပြုချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ စောထိုလွီထူး အား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၉/၂၀၂၅)**

**ရာထူးတိုးမြှင့် ခန့်ထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကြိုတင်ခွင့်ပြုချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသီဟထွန်း အား စိုက်ပျိုးရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စိုက်ပျိုးပညာပေး) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန် ထမ်းဆောင်စေလိုက်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

**တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့် အာဏာများကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၂၀၀၀၀ ရှိသောမြေကို သဘာဝဝန်းကျင် နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဘောမိနှင့် ကျောက်ချောင်းကြီးဆင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော** အဖြစ် ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ သာပေါင်းမြို့နယ်၊ ငါးတန်ချောင်းဆုံရှိ အမှတ် (A) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 55.19″ N, 94˚ 34′ 26.40″ E အထိ၊ ထိုမှ ငါးတန်ချောင်းအတိုင်း အရှေ့ဘက်သို့ ၄ မိုင်ခန့်လာရာ ငါးတန်ချောင်း၏ အရှေ့ဘက်ချောင်း လက်ရှိ အမှတ် (B) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 51.79″ N, 94˚ 36′ 48.04″ E အထိ၊ ထိုမှ ခရုချောင်း၏ အနောက်ဘက် ချောင်းလက်တက်အတိုင်း အရှေ့ဘက်သို့ ၁ မိုင်ခန့်လာရာ ခရုချောင်းနှင့်ဆုံသည့် အမှတ် (C) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 57.10″ N, 94˚ 37′ 40.47″ E အထိ၊ ထိုမှ ခရုချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ငါးတန်ချောင်းနှင့်ဆုံသည့် အမှတ် (D) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 1.33″ N, 94˚ 38′ 29.76″ E အထိ၊ ထိုမှ ငါးတန်ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့လာရာ ဘောမိချောင်းမကြီးနှင့်ဆုံသည့် အမှတ် (E) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 40.95″ N, 94˚ 38′ 55.48″ E အထိ၊ ထိုမှ သစ်ထုတ်ကားလမ်းဟောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့် လာရာ ဘောမိချောင်းမကြီးနှင့်ဆုံသည့် အမှတ် (F) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 11.51″ N, 94˚ 39′ 48.36″ E အထိ၊

အရှေ့ဘက်။ အမှတ် (F) ခန့်မှန်းမြေပုံညွှန်း 17˚ 8′ 11.51″ N, 94˚ 39′ 48.36″ E မှ ဘောမိချောင်းမကြီးအတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင်ကျော်ခန့်လာရာ စလူချောင်းနှင့်ဆုံသည့် အမှတ် (G) ခန့်မှန်းမြေပုံညွှန်း 17˚ 7′ 2.59″ N, 94˚ 40′ 48.19″ E အထိ၊ ထိုမှ စလူချောင်းအတိုင်း တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ အမှတ် (H) ခန့်မှန်းမြေပုံညွှန်း 17˚ 6′ 26.57″ N, 94˚ 40′ 45.13″ E အထိ၊ ထိုမှ စလူချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၆ ဖာလုံကျော်ခန့် လာရာ စလူချောင်းဖျားရှိ အမှတ် (I) ခန့်မှန်းမြေပုံညွှန်း 17˚ 6′ 3.26″ N, 94˚ 41′ 21.24″ E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၆ ဖာလုံကျော်ခန့်လာရာ ဝါးယားချောင်းနှင့်ဆုံသည့် အမှတ် (J) ခန့်မှန်းမြေပုံညွှန်း 17˚ 5′ 53.17″ N, 94˚ 42′ 1.76″ E အထိ၊ ထိုမှ ဝါးယားချောင်းအတိုင်း အနောက်တောင်ဘက်သို့လာရာ ဝါးယားချောင်းဖျားရှိ အမှတ် (K) ခန့်မှန်းမြေပုံညွှန်း 17˚ 5′ 13.76″ N, 94˚ 41′ 44.04″ E အထိ၊

တောင်ဘက်။ အမှတ် (K) ခန့်မှန်းမြေပုံညွှန်း 17˚ 5′ 13.76″ N, 94˚ 41′ 44.04″ E မှ လက်တက်ကြီးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ လက်တက်ကြီးချောင်းနှင့် လူသွားလမ်း ဆုံသည့်အမှတ် (L) ခန့်မှန်းမြေပုံညွှန်း 17˚ 4′ 41.14″ N, 94˚ 40′ 47.58″ E အထိ၊ ထိုမှ လက်တက်ကြီးချောင်းအတိုင်း အနောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ချောင်းဆုံရှိ

အမှတ် (M) ခန့်မှန်းမြေပုံညွှန်း 17° 4′37.72″ N, 94° 39′ 48.92″ E အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၆ ဖာလုံကျော်ခန့်လာရာ လက်တက်ကြီးချောင်းဖျားရှိ အမှတ် (N) ခန့်မှန်းမြေပုံညွှန်း 17° 4′18.67″ N, 94° 39′ 12.67″ E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင်ကျော်ခန့်လာရာ ရေကြည်ချောင်းနှင့်ဆုံသည့် အမှတ် (O) ခန့်မှန်းမြေပုံညွှန်း 17° 4′31.91″ N, 94° 38′ 18.49″ E အထိ၊ ထိုမှ ရေကြည်ချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင် ၆ ဖာလုံကျော်ခန့်လာရာ ရေကြည်ချောင်းဆုံရှိ အမှတ် (P) ခန့်မှန်းမြေပုံညွှန်း 17° 3′27.84″ N, 94° 37′ 9.18″ E အထိ၊ ထိုမှ ရေကြည်ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ အမှတ် (Q) ခန့်မှန်းမြေပုံညွှန်း 17° 3′56.77″ N, 94° 35′ 53.44″ E အထိ၊

အနောက်ဘက်။ အမှတ် (Q) ခန့်မှန်းမြေပုံညွှန်း 17° 3′56.77″ N, 94° 35′ 53.44″ E မှ ရေကြည်ချောင်းအတိုင်း တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ငါးတန်ကလေးချောင်းဖျားနှင့် ဆုံသည့် အမှတ် (R) ခန့်မှန်းမြေပုံညွှန်း 17° 4′54.24″ N, 94° 35′ 35.71″ E အထိ၊ ထိုမှ တောင်ဘက်သို့ ချောင်းအတိုင်း ၁ မိုင် ၅ ဖာလုံခန့်လာရာ ငါးတန်ကလေးချောင်းနှင့် လူသွားလမ်းဆုံသည့် အမှတ် (S) ခန့်မှန်းမြေပုံညွှန်း 17° 6′20.73″ N, 94° 35′ 40.01″ E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃ မိုင်ခန့်လာရာ ငါးတန်ချောင်းနှင့်ဆုံသည့် အမှတ် (T) ခန့်မှန်းမြေပုံညွှန်း 17° 8′19.03″ N, 94° 34′ 5.41″ E အထိ၊ ထိုမှ ငါးတန်ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ ၆ ဖာလုံကျော်ခန့်လာရာ မူလစတင်သည့် ငါးတန်ချောင်းဆုံရှိ အမှတ် (A) ခန့်မှန်းမြေပုံညွှန်း 17° 8′ 55.19″ N, 94° 34′ 26.40″ E အထိ။

၂။ **တားမြစ်ချက်များ**

ဘောမိနှင့် ကျောက်ချောင်းကြီး ဆင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းခြင်း၊

(ခ) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်းသော်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နယ်မြေနှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တည်ရှိမှုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၃။ **ပဏာမစိစစ်ရေးအဖွဲ့**

သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းမည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ် ဖွဲ့စည်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| ( ခ ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်မြေစာရင်းဦးစီးဌာန<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( ဂ ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( င ) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ်<br>ပျဉ်းမထုံးကျေးရွာအုပ်စု<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( စ ) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ်<br>ကျွန်းလျားကြီးကျေးရွာအုပ်စု<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန<br>သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

၄။ **လုပ်ငန်းတာဝန်**

ပဏာမစိစစ်ရေးအဖွဲ့သည် သတ်မှတ်ဖွဲ့စည်းမည့် ဘောမိနှင့် ကျောက်ချောင်းကြီး ဆင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော တည်ရှိရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက် ရမည်-

(က) ဘောမိနှင့် ကျောက်ချောင်းကြီး ဆင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ဖွဲ့စည်းမည့် အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများ ပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူတစ်ဦးချင်း၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထား ခိုင်လုံမှု ရှိ မရှိ ကို စစ်ဆေးခြင်း ရှိ မရှိ နှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါတင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သောသက်သေ များကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့် ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့် ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်း ဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့် မြေများကို ဆိုင်ရာဆိုင်ခွင့် စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ဘောမိနှင့် ကျောက်ချောင်းကြီး ဆင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာနမှ လစာနှုန်း(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)တန်း၊ အထွေထွေမန်နေဂျာ (ပစ္စည်း) ဒေါက်တာ သန်းဦး အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဥာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

စက်မှုဝန်ကြီးဌာနသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်ရန်ခွင့်ပြုသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ဦးစီးဌာနသည် ကုန်ထုတ်လုပ်မှုတန်ဖိုး၊ မြင်းကောင်ရေအသုံးပြုမှု၊ မတည်ရင်းနှီးငွေပမာဏနှင့် လုပ်ခစားအလုပ်သမား သတ်မှတ်ချက်လေးမျိုးအပေါ် မူတည်၍ အောက်ပါအတိုင်း လုပ်ငန်းအရွယ်အစားသတ်မှတ်ပြီး မှတ်ပုံတင်ပေးရမည်-

(က) **အသေးစားပုဂ္ဂလိကစက်မှုလုပ်ငန်း** အဖြစ် သတ်မှတ်ရာတွင် ကုန်ထုတ်လုပ်မှုတန်ဖိုး တစ်နှစ်လျှင် ကျပ်သန်း ၂၅၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၁၂၅၀ အထိရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၅ ကောင်အားထက်ကျော်လွန်ပြီး မြင်းကောင်ရေ ၂၅ ကောင်အားအထိ အသုံးပြုခြင်း သို့မဟုတ် မတည်ရင်းနှီးငွေပမာဏ ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၅၀၀ အထိရှိခြင်း သို့မဟုတ် လုပ်ခစားအလုပ်သမား ၁၀ ဦးနှင့်အထက်ကျော်လွန်ပြီး ၅၀ ဦးအထိရှိခြင်း၊

(ခ) **အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်း** အဖြစ် သတ်မှတ်ရာတွင် ကုန်ထုတ်လုပ်မှုတန်ဖိုး တစ်နှစ်လျှင် ကျပ်သန်း ၁၂၅၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၂၀၀၀ အထိရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၂၅ ကောင်အားထက်ကျော်လွန်ပြီး မြင်းကောင်ရေ ၅၀ ကောင်အားအထိ အသုံးပြုခြင်း သို့မဟုတ် မတည်ရင်းနှီးငွေပမာဏ ကျပ်သန်း ၅၀၀ ထက်ကျော်လွန်ပြီး ကျပ်သန်း ၁၀၀၀ အထိရှိခြင်း သို့မဟုတ် လုပ်ခစားအလုပ်သမား ၅၀ ဦးထက်ကျော်လွန်ပြီး ၃၀၀ ဦးအထိရှိခြင်း၊

(ဂ) **အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်း** အဖြစ် သတ်မှတ်ရာတွင် ကုန်ထုတ်လုပ်မှုတန်ဖိုး တစ်နှစ်လျှင် ကျပ်သန်း ၂၀၀၀ အထက်ရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၅၀ ကောင်အား အထက်အသုံးပြုခြင်း သို့မဟုတ် မတည်ရင်းနှီးငွေပမာဏ ကျပ်သန်း ၁၀၀၀ အထက်ရှိခြင်း သို့မဟုတ် လုပ်ခစား အလုပ်သမား ၃၀၀ ဦးအထက်ရှိခြင်း၊

**မှတ်ချက်။** ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား အရွယ်အစားများ ခွဲခြားသတ်မှတ်ရာတွင် သတ်မှတ်ချက် လေးမျိုးအနက်မှ ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် မြင်းကောင်ရေအသုံးပြုမှုတို့ကို ပထမဦးစားပေးအနေဖြင့်စိစစ်ပြီး အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်း၊ အလတ်စားပုဂ္ဂလိက စက်မှုလုပ်ငန်း၊ အသေးစားပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ် အရွယ်အစားသတ်မှတ်ခြင်းကို ဆောင်ရွက်သွားရမည်။"

ဒေါက်တာ ချာလီသန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ ရုံးအမိန့်စာအမှတ် ၈၆/၂၀၂၅ ဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ပြည်ထောင်စုဝန်ကြီးရုံးသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့သည့် ညွှန်ကြားရေးမှူး ဦးအောင်မင်းသိုက် [၁၂/ဥကမ(နိုင်) ၁၁၂၉၈၈] အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဒုတိယအမြဲတမ်းအတွင်းဝန်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၅)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာနမှအောက်ပါညွှန်ကြားရေးမှူး (၂) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်–

(က) ဦးကျော်ကျော်လွင် ၉/ မရတ (နိုင်) ၀၀၀၃၇၁

( ခ ) ဦးဟန်ဝင်းကျော် ၁၂/ ဗတထ (နိုင်) ၀၁၄၄၇၂

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင် [၇/ထတပ (နိုင်) ၀၅၁၁၉၆] အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ရာထူးကိုရယူ၍ အခြေခံပညာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ပညာရေးမှူးရုံးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) အဖြစ် ခန့်ထားသော ဦးမျိုးဝင်းအောင် အား အခြေခံပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ)၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) ဦးမျိုးဝင်းအောင် အား လုပ်ငန်းလိုအပ်ချက်အရ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ပညာရေးမှူးရုံးတွင် တိုင်းဒေသကြီး ပညာရေးမှူးရုံး တာဝန်များ ထမ်းဆောင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့နံနက်ပိုင်းမှစ၍ တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၆/၂၀၂၅)**

ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy၊ ဘာသာရပ်ဌာနအသီးသီးရှိ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ Naypyitaw State Academy/ တက္ကသိုလ်များရှိ ဘာသာရပ်ဌာနအသီးသီးတွင် ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| (က) | ဒေါက်တာ အိအိသဲ | တွဲဖက်ပါမောက္ခ<br>ဥပဒေပညာဌာန<br>Naypyitaw State Academy | ပါမောက္ခ<br>ဥပဒေပညာဌာန<br>Naypyitaw State Academy |
| ( ခ ) | ဒေါက်တာ ဝင်းဝင်းခိုင် | တွဲဖက်ပါမောက္ခ<br>နိုင်ငံတကာဆက်ဆံရေးပညာဌာန<br>Naypyitaw State Academy | ပါမောက္ခ<br>နိုင်ငံတကာဆက်ဆံရေးပညာဌာန<br>Naypyitaw State Academy |
| ( ဂ ) | ဒေါက်တာ<br>ဝင်းမာလာသိန်း | တွဲဖက်ပါမောက္ခ<br>နိုင်ငံတကာဆက်ဆံရေးပညာဌာန<br>Naypyitaw State Academy | ပါမောက္ခ<br>နိုင်ငံတကာဆက်ဆံရေးပညာဌာန<br>ရန်ကုန်တက္ကသိုလ် |
| (ဃ) | ဒေါက်တာ<br>မိုးနှင်းဖြူ | တွဲဖက်ပါမောက္ခ<br>ဘောဂဗေဒဌာန<br>Naypyitaw State Academy | ပါမောက္ခ<br>ဘောဂဗေဒဌာန<br>Naypyitaw State Academy |

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ရုံးတွင်းအမိန့်**

အမှတ် ၆၂။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြိတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းအိ အား အဆိုပါတက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

အမှတ် ၁၉၉။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ)၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) အား ၎င်း၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာန၏ ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါ်စန်းမြသော်တာ<br>ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)<br>ဘဏ္ဍာရေးဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)<br>နေပြည်တော် | ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)<br>စီမံရေးရာဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)<br>နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း၊ လက်ခံရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

အမှတ် ၂၀၀။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၄-၁၀-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/၄၀၃၁၆ အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ ကိုကိုစိုး (သခ-၈၃၃) [ဒုတိယပါမောက္ခချုပ် (သင်ကြား) ရာထူးသုံးစွဲ၍] အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၁-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၁-၄-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ပုံထုတ်-ခန့်မှန်းသုတေသနဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၉၄၈ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝေဖြိုးလင်း အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊

ပုံထုတ်–ခန့်မှန်းသုတေသနဌာနခွဲတွင် လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အမြဲတမ်းအတွင်းဝန် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/–) ဦးအောင်တင်စိုး အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာ (၄၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/သိဒ္ဓိရပ်) ရှိ ဘူးကွဲရွာဦးကျောင်းတိုက်မြေနေရာအဖြစ် အသုံးပြုထားသည့် မြေကွက်အမှတ် (B–၁၃)၊ မြေဧရိယာ ၈.၁၁ ဧကအား အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုခွင့်ပေးနိုင်ပါရန် ဦးမျိုးမင်းသိန်း [၁၂/လမတ (နိုင်) ၀၂၅၈၆၇] မှ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားခဲ့မှုအပေါ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်ပြုလုပ်ကျင်းပသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၄)၊ ဆုံးဖြတ်ချက်အပိုဒ် (၃)၊ အပိုဒ်ခွဲ (ကဃ) အရ အထက်ဖော်ပြပါ မြေဧရိယာ ၈.၁၁ ဧကအား ဘူးကွဲရွာဦးကျောင်းတိုက်မြေအဖြစ် သတ်မှတ်ခွင့်ပြုပြီးဖြစ်၍ အဆိုပါ မြေဧရိယာ ၈.၁၁ ဧကကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၂။ အဆိုပါ ဘူးကွဲရွာဦးကျောင်းတိုက်၊ မြေဧရိယာ ၈.၁၁ ဧက၏ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်သည်–

| | | |
|---|---|---|
| အရှေ့လားသော် | – | ချန်လုပ်မြေ၊ ပျဉ်းမနား– တောင်ညိုလမ်း |
| အနောက်လားသော် | – | လမ်း |
| တောင်လားသော် | – | ချန်လုပ်မြေ |
| မြောက်လားသော် | – | ချန်လုပ်မြေ |

သန်းထွန်းဦး
ဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

အမှတ် ၂၂၇/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

တင်အောင်ဝင်း ကြည်း ၈၁၅၃၆

အမှတ် ၂၂၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | မျိုးညွန့် | ကြည်း | ၈၁၅၃၇ |
| (၂) | မောင်မောင်တင့် | ကြည်း | ၈၁၅၃၈ |
| (၃) | မောင်မောင် | ကြည်း | ၈၁၅၃၉ |

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

အမှတ် ၂၂၉/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | သန်းထွန်းဦး | ကြည်း | ၈၁၅၄၀ | ၅-၆-၂၀၂၅ |
| (၂) | စန်းဝင်း | ကြည်း | ၈၁၅၄၁ | ၂၈-၄-၂၀၂၅ |
| (၃) | မိုးကြည် | ကြည်း | ၈၁၅၄၂ | ၂-၂-၂၀၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

အမှတ် ၂။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အလုံလမ်းနှင့် ကမ်းနားလမ်းသစ် လမ်းဆုံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ Ahlone International Port Terminal (AIPT–1) ၏ ၃ ဧက အကျယ်အဝန်းရှိ အကောက်ခွန်ကုန်လှောင်ရုံအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှစ၍ အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်လိုက်သည်။

အမှတ် ၃။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လှိုင်သာယာစက်မှုဇုန် (၆)၊ လှိုင်မြစ်ကမ်းအနီး၊ လှိုင်သာယာကုန်သေတ္တာစခန်းမြေ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ Alpha Zenith Logistics Enterprise Limited ၏ ၃.၀၅ ဧက အကျယ်အဝန်းရှိ အကောက်ခွန်ကုန်လှောင်ရုံအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှစ၍ ပုဂ္ဂလိကအကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်လိုက်သည်။

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

### ရုံးအမိန့်စာအမှတ် (၁၇၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၆/၂၀၂၅ အရ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဒေါ်ကြည်ကြည်ခင်ဆွေ အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မင်းဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇၂/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာ အုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၈၁၉/ ရန်အောင်မြင်ကွင်း)၊ မြေကွက်အမှတ် ( ၂၈၄ / ၄၄၃ ) ရှိ **မြေဧရိယာ ၁.၃၁ ဧက** အား **ထန်းတောကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပ၊ ထ၊ န – အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၂၀၀/ ၂–၁–၂၀၂၆။